**Network for Democracy and Development**

**Documentation and Research Department**

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 89 267 8417.
E-mail: ndddrd@csloxinfo.com; ndddrd07@gmail.com

# တစ်ပတ်အတွင်း မြန်မာ့နိုင်ငံရေးသတင်း အကျဉ်းချုပ်
# (၀၉၁/၂၀၁၁)

၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ (၁၆) ရက်နေ့မှ ၂၀၁၁ ခုနှစ် အောက်တိုဘာလ (၂၂) ရက်နေ့အထိ

## ကြံ့ဖွံ့အစိုးရ

- အိန္ဒိယ ဆန့်ကျင်ရေးသူပုန်များ တည်နေရာအား ဂြိုလ်တုမြေပုံပေးပါက တိုက်ပေးနိုင်မည်ဖြစ်ကြောင်း မြန်မာဘက်က ပြောကြားလိုက်သကဲ့သို့ အိန္ဒိယဘက်မှလည်း ကချင်လွတ်မြောက်ရေးတပ် KIA နှင့် အဆက်အဆံ မရှိကြောင်း ပြောဆိုခဲ့ကြောင်း အောက်တိုဘာ ၁၆ ရက်နေ့ထုတ် Hindustan Times သတင်းစာတွင် ရေးသားထားသည်။ (Mizzima 171011) Read More…
- မြန်မာနိုင်ငံ၌ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူ ၆၀၀ ခန့်သာရှိရာ သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ဖြင့် ထက်ဝက်ခန့် လွတ်မြောက်လာပြီဖြစ်ကြောင်း သမ္မတ ဦးသိန်းစိန်၏ နိုင်ငံရေးအကြံပေး ဦးကိုကိုလှိုင်က ပြီးခဲ့သည့်အပတ်က ဆွီဒင်နိုင်ငံပိုင် ရေဒီယိုနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောဆိုလိုက်သည်။ (Irrawaddy 171011) Read More…
- မြန်မာ ဒု-သမ္မတ ဦးတင်အောင်မြင့်ဦးသည် အောက်တိုဘာ ၂၀ ရက်နေ့မှစတင်ပြီး ၈ ရက်ကြာ တရုတ်နိုင်ငံခရီးစဉ်ကို စတင်လိုက်ပြီး ယင်းခရီးစဉ်အတွင်း နှစ်နိုင်ငံကြား ကိစ္စရပ်မျိုးစုံကို ဆွေးနွေးရာတွင် ထိပ်တန်းအဖြစ် မြစ်ဆုံဆည်စီမံကိန်း ပါဝင်မည်ဖြစ်သော်လည်း ယင်းအနှောင့်အယှက်ကိစ္စသည် မဟာဗျူဟာမြောက် ဆက်ဆံရေးကို ထိခိုက်လာနိုင်မည်မဟုတ်ကြောင်း လေ့လာသူများက သုံးသပ်ပြောဆိုလိုက်သည်။ (VOA 201011) Read More…
- ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အထူးကိုယ်စားလှယ်၏ ၂၀၁၁ ခုနှစ် အစီရင်ခံစာသည် ယခင်နှစ်များထက် အပြုသဘောဆောင်လာကြောင်းနှင့် မြန်မာနိုင်ငံသမ္မတအနေဖြင့် ထပ်မံလွတ်ငြိမ်းချမ်းသားခွင့် ထုတ်ပြန်ရန်ရှိကြောင်း မြန်မာအစိုးရကိုယ်စားလှယ်က အောက်တိုဘာ ၁၈ ရက်နေ့ ကုလသမဂ္ဂညီလာခံတွင် ပြောဆိုလိုက်သည်။ (RFA 191011) Read More…

## တပ်မတော်

### (က) ရာထူးအာဏာခွဲဝေမှုများ

- ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အခြေစိုက် မပခ တိုင်းမှူး ဗိုလ်ချုပ်ဇေယျာအောင်အား တပ်မတော် လေ့ကျင့်ရေး အရာရှိချုပ်အဖြစ် အောက်တိုဘာ ၁၈ ရက်နေ့က နေရာပြောင်းရွှေ့လိုက်ပြီး ၎င်းနေရာတွင် မပခ စစ်ဦးစီးမှူး G1 ဗိုလ်မှူးချုပ် ကိုကိုနိုင်အားအစားထိုးခန့်အပ်လိုက်သည်ဟု မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် (မပခ) စစ်ဘက်သတင်းရပ်ကွက်နှင့် နီးစပ်သူတစ်ဦးက ပြောသည်။ (S.H.A.N 191011) Read More…

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

## (ခ) စစ်ဆင်ရေး

- တရုတ်နယ်စပ် KIA ဌာနချုပ်တည်ရှိရာ လိုင်ဇာမြို့အနီးသို့ အစိုးရစစ်ကြောင်းများအလုံးအရင်းဖြင့် ချဉ်းကပ်လာကာ တပ်မ ၃၃၊ ၆၆ တပ်ရင်းနှင့် KIA တပ်များ အောက်တိုဘာ ၁၆ ရက်နေ့က ဗန်းမော်ကားလမ်းဘေးရှိ နမ်ဆန်ယန်ရွာအနီးတွင် တိုက်ပွဲများ ဆက်တိုက်ဖြစ်ပွားနေသည်ဟု KIA ရှေ့တန်းသတင်းရပ်ကွက်က ပြောသည်။ (S.H.A.N 171011) Read More...
- မြန်မာအစိုးရစစ်တပ်များသည် ယခုရက်ပိုင်းအတွင်း ကချင်လွတ်လပ်ရေးအဖွဲ့ KIO ဌာနချုပ် လိုင်ဇာမြို့အနီး ၁၀ မိုင်ကျော် အကွာလောက်ထိ ချဉ်းကပ်လာနေပြီး တိုက်ပွဲများ တစ်ရက်ကို အနည်းဆုံး ၄ ကြိမ်မှ ၈ ကြိမ်အထိ ဖြစ်ပွားနေကြောင်း KIO ပြောရေးဆိုခွင့်ရှိသူ ဦးလနန်က ပြောသည်။ (VOA 181011) Read More..., Irrawaddy...
- ကရင် အမျိုးသား လွတ်မြောက်ရေး တပ်မတော် (KNLA) တပ်မဟာ ၇ အခြေစိုက်စခန်းတစ်ခုဖြစ်သည့် မယ်ပေါ်ထ စခန်းကို အစိုးရ စစ်တပ်ကယနေ့ ထိုင်းနိုင်ငံဘက်မှ ဝင်ရောက် တိုက်ခိုက်ခဲ့သည်ဟု KNLA ကရင် တပ်မှူးတစ်ဦးက ပြောသည်။ (Irrawaddy 181011) Read More..., KIC...
- ကချင်ပြည်နယ် မန်မော် (ဗန်းမော်)ခရိုင်၊ အင်မောက်ကျေးရွာ အနီးတွင် မြန်မာအစိုးရတပ်နှင့် KIA ကြား  အောက်တိုဘာ ၁၈ ရက်နေ့က တိုက်ပွဲဖြစ်ခဲ့ရာ အစိုးရစစ်သား ၃ ဦး ကျဆုံးခဲ့ကြောင်း ဒေသခံများက ပြောသည်။ (KNG 181011) Read More...

## (ဂ) လူ့အခွင့်အရေးချိုးဖေါက်မှုများ

- မြစ်ကြီးနား အခြေစိုက် ခလရ (၂၉) က ပလန ကျေးရွာမှ ဒေသခံ (၂၀) ဦးကို ပေါ်တာမဆွဲခင် ယင်းရပ်ကွက် ၂ ခုမှ အုပ်ချုပ်ရေးမှူးများသို့ သွားရောက်ပြီး ကျေးရွာတစ်ရွာမှ လူအယောက် ၅၀ စီ ပေါ်တာအတွက်ရှာပေးရန် အမိန့်ပေးခဲ့ပြီး အောက်တိုဘာလ ၁၆ ရက်နေ့ ည ၇ နာရီ ၈ နာရီအကြား ပေါ်တာဆွဲခဲ့ကြောင်း ဒေသခံများက ပြောသည်။ (KNG 171011) Read More...
- သျှမ်းပြည်နယ်၊ မူဆယ်မြို့နယ် မုန်းပေါ်ရွာအနီး မန်ဂွတ်ရွာ၌ စစ်စိမ်းရောင်ခါးပတ် ပတ်ထားသော ရွာသားတစ်ဦးအား သူလျှိုဟု စွပ်စွဲကာ ခမရ (၅၂၂) မှ ကွတ်ခိုင်ဗျူဟာမှူး ဗိုလ်မှူးကြီးစောကျော်သူ လက်အောက်ခံတပ်သားများက အောက်တိုဘာ ၁၇ ရက်နေ့တွင် ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်ဟု ကိုယ်တိုင်မြင်တွေ့ခဲ့သူ ရွာသားတစ်ဦးက ပြောသည်။ (KIC 181011) Read More...
- ကချင်ပြည်နယ် ဗိုင်းမော်မြို့နယ် ပြည်သူ့ဆေးရုံမှ လူနာ ၃ ဦးနှင့် ပြုစုစောင့်ရှောက်သူ ၂ ဦးတို့အား မြန်မာအစိုးရစစ်တပ် စစ်ဖက်ရေးရာလုံခြုံရေးအဖွဲ့ (စရဖ)မှ အောက်တိုဘာ ၁၈ ရက်နေ့က ဖမ်းဆီးခေါ်ဆောင်သွားကြောင်း မျက်မြင်သက်သေများက ပြောသည်။ (KNG 191011) Read More...
- ကချင်ပြည်နယ် ကချင်လွတ်မြောက်ရေးတပ်ဖွဲ့ (KIA) အပေါ်ထိုးစစ်အတွင်း ကချင်ကလေးငယ် အသက် ၁ နှစ် ၅ လအရွယ် မရှောင်လတ် (ဘ) လဗျယော်ထုံ (Labya Yaw Htung) (မိ) ခကိုင် (Hka Kai) အား အောက်တိုဘာ ၁၃ ရက်နေ့က ရွှေကူနယ်မြေခံ ခလရ (၅၆) က ပစ်သတ်ခဲ့ကြောင်း ကလေးမိဘနှင့် နီးစပ်သူများက ပြောသည်။  (KNG 191011) Read More...
- ဗိုင်းမော်မြို့နယ် နမ်ဆန်ယန်ကျေးရွာအနီး လိုင်လွမ် (Lai Lum) လီဆူရွာမှ အပြစ်မဲ့ ကချင်ရွာသား နှစ်ဦးကို မြန်မာစစ်တပ် ခမရ (၄၃၈) နှင့် ဆင်ဘိုအခြေစိုက် ခလရ (၁၄၁) တို့ကက အောက်တိုဘာ ၁၇ ရက်နေ့တွင် ပစ်သတ်ခဲ့ကြောင်း ဒေသခံများက ပြောသည်။ (KNG 201011) Read More...
- ကချင်ပြည်နယ် အရှေ့ဘက်ဗိုင်းမော်မြို့နယ်၊ နမ်ဆန်ယန်ကျေးရွာ (Nam San Yang) မှ အသက် (၇၂) နှစ်အရွယ်ရှိ ဦးဂျန်ခမ်နော် (Jang Hkam Naw) ကို  မြန်မာစစ်တပ် ဒေါ့ဖုန်းယန်အခြေစိုက် ခမရ (၄၃၈) နှင့် ဆင်ဘိုအခြေစိုက် ခလရ (၁၄၁) တို့ပစ်ခတ်မှုကြောင့် ပြင်းထန်စွာ ဒဏ်ရာရှိခဲ့ကြောင်း ဒေသခံများက ပြောသည်။ (KNG 201011) Read More...
- အောက်တိုဘာ ၁၈ ရက်နေ့က ကချင်ပြည်နယ် ဗိုင်းမော်မြို့တွင် နေထိုင်သူ အသက် ၁၉ နှစ်အရွယ် မရန်ကော့ဘူကို မြန်မာ အစိုးရစစ်သားများ အုပ်စုလိုက် အဓမ္မပြုကျင့်ပြီး သတ်ဖြတ်ခဲ့ကြောင်း မျက်မြင်သက်သေဒေသခံများက ပြောသည်။ (KNG 211011) Read More...
- အစိုးရတပ်များနှင့် ကချင်လွတ်မြောက်ရေးတပ်မတော် KIA တို့အကြား စစ်ဖြစ်ပွားရာ ရှေ့တန်းဒေသများ၌ အစိုးရတပ် ရိက္ခာပို့ဆောင်ရန်နှင့် လမ်းပြအဖြစ်အသုံးပြုရန်အတွက် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် အုပ်ချုပ်ရေးမှူးများက မြို့ပေါ် ရပ်ကွက် အုပ်ချုပ်ရေးမှူးများကို အစည်းအဝေးခေါ်ယူ ပြောကြားလိုက်သည်။ (BBC 221011) Read More...

(ဃ) နယ်ခြားစောင့်တပ်နှင့် ပြည်သူ့စစ်အဖွဲ့များ

- မွန်ပြည်သစ်ပါတီ (NMSP) မှ ခွဲထွက်ပြီး အစိုးရထံ လက်နက်ချကာ ဒေသ ပြည်သူ့စစ် အသွင်ဖြင့် လှုပ်ရှားနေသည့် မြိတ်ခရိုင် ချောင်ချီ အထူးဒေသမှ မွန်ငြိမ်းချမ်းရေးအဖွဲ့ ခေါင်းဆောင် နိုင်အောင်သည် ထိုင်းနယ်စပ် မြိတ်မြို့နယ် အောင်မွန်သာယာရွာတွင် အောက်တိုဘာ ၁၄ ရက်နေ့ ညနေ ၆ နာရီကျော်တွင် ချောင်းမြောင်း ပစ်ခတ်ခံရကာ ပွဲချင်းပြီး သေဆုံးသွားခဲ့သည်ဟု မြိတ်ဒေသ ပြန်လည်စည်းရုံးရေး အဖွဲ့မှ ခေါင်းဆောင် ဗိုလ်မှူးတမော့ချမ်းက ပြောသည်။ (Mizzima 181011) Read More...

လွှတ်တော်

- ရပ်ကွက်နှင့်ကျေးရွာ အုပ်ချုပ်ရေးမှူးများ ဗဟိုမှ တိုက်ရိုက်ခန့်အပ်သည့်စံနစ်ကို ကျင့်သုံးရန် ပြည်သူ့လွှတ်တော် ဆွေးနွေးပွဲ၏ ဆုံးဖြတ်ချက်ကို ဥပဒေမူကြမ်းကော်မီတီမှ ပြန်လည်သုံးသပ်ရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ က အောက်တိုဘာ ၁၇ ရက်နေ့တွင် ဆုံးဖြတ်လိုက်ကြောင်း ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ RNDP ဥက္ကဋ္ဌ ဒေါက်တာအေးမောင်က ပြောသည်။ (RFA 171011) Read More...
- မြန်မာနိုင်ငံတွင် အလုပ်သမားအဖွဲ့အစည်းတစ်ခုသာ ထားရှိရမည်ဆိုသည့် ၁၉၆၄ ခုနှစ် ပြဋ္ဌာန်းချက်ကို အောက်တိုဘာ ၁၇ ရက်နေ့က ကျင်းပသောအမျိုးသားလွှတ်တော်မှ အစည်းအဝေးမှ တရားဝင်ပယ်ဖျက်ရန် အပြီးသတ်အတည်ပြုလိုက်ကြောင်း အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင်က ပြောသည်။ (RFA 171011) Read More...
- ထောင်ဒဏ်ကျခံနေရသူမဟုတ်ခြင်းဆိုသည့် ပြဋ္ဌာန်းထားချက်ကို ပယ်ဖျက်ပေးရန် အဆိုပြုထားခြင်းအပါအဝင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အောက်တိုဘာလ ၁၈ ရက်နေ့တွင် အတည်ပြုလိုက်သည်။ (EMG 191011) Read More...
- တိုင်းရင်းသားရေးရာ ဝန်ကြီးများကို တိုင်းဒေသကြီး၊ ပြည်နယ် ဝန်ကြီးများ၏ ခံစားခွင့်များအတိုင်း တပြေးညီရရှိရေးအတွက် အဆောင်အယောင်ဆိုင်ရာ ဥပဒေကို ရေးဆွဲပြီး ပြည်ထောင်စု လွှတ်တော်ကို တင်သွင်းရန်အဆိုကို အမျိုးသားလွှတ်တော်တွင် အောက်တိုဘာ ၁၉ ရက်နေ့က အတည်ပြုလိုက်သည်။ (RFA 201011) Read More...

အခြားနိုင်ငံရေးပါတီများ

- ဥရောပသမဂ္ဂ EU အဖွဲ့ဝင် နိုင်ငံအစိုးရများအနေဖြင့် မြန်မာနိုင်ငံအပေါ် ဖိတ်ဆို့အရေးယူမှုများကို ရုတ်သိမ်းပေးရန်အတွက် မေတ္တာရပ်ခံစာကို ရွေးကောက်ပွဲဝင် မဟာမိတ်ပါတီ ၁၀ ပါတီအဖွဲ့က အောက်တိုဘာ ၁၆ ရက်နေ့တွင် EU သို့ ပေးပို့လိုက်သည်။ (RFA 161011) Read More...
- မြန်မာပြည်အကျဉ်းထောင်များ၌ ကျန်ရှိနေသေးသည့် ဦးခွန်ထွန်းဦးနှင့် တိုင်းရင်းသား ခေါင်းဆောင်များ၊ ကိုမင်းကိုနိုင်နှင့် ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင်များအပါအဝင် နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးရန် တိုင်းရင်းသားညီနောင် (၅) ပါတီက ကြေညာချက်တစ်စောင်အား အောက်တိုဘာ ၁၅ ရက်နေ့က ထုတ်ပြန်ခဲ့ကြောင်း မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ ဥက္ကဋ္ဌ နိုင်ငွေသိန်းက ပြောသည်။ (KIC 171011) Read More...
- လက်ရှိအာဏာရပါတီဖြစ်သည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ USDP သည် ရွေးကောက်ပွဲမတိုင်မီ မဲဆွယ်စည်းရေး အတွက် နိုင်ငံပိုင်ပစ္စည်းများ သုံးစွဲခဲ့သည့်ကိစ္စနှင့်ပတ်သက်၍ နိုင်ငံရေးပါတီ မှတ်ပုံတင် ဥပဒေနှင့် ငြိစွန်းနေသဖြင့် ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ DPP က ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်သို့ အောက်တိုဘာ ၁၄ ရက်နေ့က တိုင်ကြားလိုက်ကြောင်း ပါတီအတွင်းရေးမှူး ဦးမျိုးညွန့်က ပြောသည်။ (Mizzima 211011) Read More...

အတိုက်အခံအင်အားစုများ (ပြည်တွင်း)

(က) ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

- လွှတ်ငြိမ်းချမ်းသာခွင့်အရ မြစ်ကြီးနားအကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာသည့် ဟာသပညာရှင် ဦးသူရ (ခေါ်) ကိုဇာဂနာကို မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က အောက်တိုဘာ ၁၇ ရက်နေ့က ၄င်း၏နေအိမ်၌ ခေါ်ယူတွေ့ဆုံခဲ့ကြောင်း ခယ်မဖြစ်သူ မငြိမ်းက ပြောသည်။ (RFA 171011) Read More...

- ယုံကြည်ချက်ကြောင့် အကျဉ်းကျနေသူများကို ထပ်မံလွှတ်ပေးရန်ရှိသေးသည်ဟူသည့် သတင်းများနှင့်ပတ်သက်၍ အားလုံး လွတ်မြောက်လာရန် လိုလားကြောင်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က အောက်တိုဘာ ၂၀ ရက်နေ့တွင် တုံ့ပြန်ပြောဆိုလိုက်သည်။ (RFA 201011) Read More...
- ဝါရင့်နိုင်ငံရေးသမားကြီးများ ကန်တော့ပွဲနှင့် လွတ်မြောက်လာသူ အကျဉ်းသားများ ကြိုဆိုပွဲ နှစ်ခုကို အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် NLD ရုံးတွင် အောက်တိုဘာ ၂၁ ရက် ကျင်းပခဲ့ရာ လွတ်မြောက်လာသူ အကျဉ်းသားများအနေဖြင့် မိမိယုံကြည်ချက်လမ်းကြောင်း အတိုင်း ဆက်လုပ်သွားမည်ဟု မျှော်လင့်ကြောင်းနှင့် ဆက်လုပ်ရန်အတွက်လည်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က တိုက်တွန်းကြောင်း NLD ပြန်ကြားရေး တာဝန်ခံ ဦးအုန်းကြိုင်က ပြောသည်။ (Mizzima 211011) Read More..., Irrawaddy..., DVB...
- တိုင်းရင်းသားပေါင်းစုံ ပါဝင်သော ၂၁ ရာစုပင်လုံညီလာခံ (သို့) ပြည်ထောင်စုစိတ်ဓါတ်ညီလာခံ ကြေညာချက်သည် တစ်နှစ်ကြာ မြင့်ခဲ့ပြီဖြစ်သော်လည်း ၎င်းကြေညာစာတမ်းနှင့် ဆုံးဖြတ်ချက်မှုများအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း NLD ဒု-ဥက္ကဋ္ဌ ဦးတင်ဦးက ပြောသည်။ (Mizzima 211011) Read More...

## (ခ) အခြားတက်ကြွလှုပ်ရှားသူအင်အားစုများ

- လွတ်ငြိမ်းချမ်းသာခွင့်အရ အကျဉ်းသားများထဲတွင် နိုင်ငံရေးအကျဉ်းသားအချို့ ပြန်လွတ်လာခြင်းကို ကြိုဆိုလိုက်သော်လည်း ကျန်နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးသင့်ကြောင်း ထောင်ဒဏ် ၆၅ နှစ်ကျခံနေရသည့် ၈၈ ကျောင်းသားခေါင်းဆောင် မင်းဇေယျာက ပြောဆိုခဲ့ကြောင်း ထောင်ဝင်စာသွားတွေ့ခဲ့သည့် ဇနီးဖြစ်သူက ပြောသည်။ (BBC 171011) Read More...
- အာရပ်ကမ္ဘာမှ လူထုလှုပ်ရှားမှုမျိုးဖြစ်သည့် အာရပ်နွေဦးကဲ့သို့ လှုပ်ရှားမှုမျိုးသည် ယနေ့ မြန်မာပြည်တွင် မလိုအပ်သေးကြောင်း မကြာခင်မှ ထောင်မှလွတ်မြောက်လာသည့် လူရွှင်တော် ကိုဇာဂနာက ပြောဆိုလိုက်သည်။ (DVB 171011) Read More...
- ဧရာဝတီတိုင်း ဟင်္သာတမြို့တွင် လွန်ခဲ့သည့် ၄ နှစ်ကျော်က အရိုက်ခံရကာ တရားစွဲ ထောင်ချခံခဲ့ရသည့် လူ့အခွင့်အရေးကာကွယ် မြှင့်တင်ရေး ကွန်ရက် HRDP အဖွဲ့ဝင် ကိုမြင့်နိုင်က အစိုးရလွတ်ငြိမ်းချမ်းသာခွင့်နှင့် ပြန်လည်လွတ်လာပြီးနောက် ၎င်းကိုရိုက်နှက် သူများအား တရားစွဲဆိုသွားမည်ဟု ပြောဆိုလိုက်သည်။ (DVB 171011) Read More...
- အင်းစိန်ထောင်တွင် ထောင်ဒဏ် ၁၀ နှစ်ကျခံနေရသည့် ဗိုလ်ကြီးဟောင်း ကိုနေမျိုးဇင်သည် ထောင်တွင်းချော်လဲပြီး ခါးရိုးကျိုးထား သည့်ဒဏ်ကြောင့် လမ်းမလျှောက်နိုင်သဖြင့် ထောင်ဝင်စာ တွေ့နိုင်ခြင်းမရှိကြောင်း၊ ၎င်းကို ခွဲစိတ်ကုသခွင့်လည်း အာဏာပိုင်များ ကမပေးကြောင်း ကိုနေမျိုးဇင်၏ ညီမဖြစ်သူက ပြောသည်။ (VOA 181011) Read More...
- အောက်တိုဘာ ၁၈ ရက်နေ့ ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်၏ (၄၉) နှစ်ပြည့် မွေးနေ့ပွဲ အခမ်းအနားကို ရန်ကုန်မြို့ သမိုင်းမြို့မပဋ္ဌာန်းယတ္တိ စာသင်တိုက်တွင် ကျင်းပခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးခေါင်းဆောင် အများအပြားနှင့်အတူ စုစုပေါင်း လူ (၂) ထောင် ဝန်းကျင်ခန့် တက်ရောက်လာခဲ့သည်ဟု အစ်မဖြစ်သူ ဒေါ်ကြည်ကြည်ညွန့်က ပြော သည်။ (RFA 181011) Read More..., Mizzima...
- လူဆိုတာ ရောက်တဲ့နေရာ အရေးမကြီးဘူး၊ ကျင့်တဲ့ တရားပဲ အရေးကြီးတယ်" ဟူ၍ ကျိုင်းတုံထောင်တွင်း ထောင်ဒဏ် ၆၅ နှစ် ကျခံနေရသည့် ၈၈ ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်က မွေးနေ့အမှာစကားအဖြစ် ပြောဆိုလိုက်သည်ဟု ညီမဖြစ်သူ မမီမီလွင်က ပြောသည်။ (Mizzima 181011) Read More...
- ကျန်ရှိသေးသည့် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် အမိန့်ထပ်မံ ထုတ်ပြန်ပေး ပါရန် နိုင်ငံရေးအကျဉ်းသား လွတ်မြောက်ရေး လက်မှတ်ရေး ထိုးလှုပ်ရှားသူများက သမ္မတ ဦးသိန်းစိန်ထံ အောက်တိုဘာ ၂၁ ရက်နေ့ ပန်ကြားလိုက်သည်။ (RFA 211011) Read More...

## (ဂ) မီဒီယာ

- တိုင်းရင်းသားဒေသမှ အဖြစ်အပျက်များကို အသားပေးဖော်ပြမည့် ပြည်တွင်းထုတ် တိုင်းရင်းသားဂျာနယ်တစ်စောင်ဖြစ်သည့် ယူနီယံ ဂျာနယ်ကို အစိုးရမှ ခွင့်ပြုချက်မချပေးသေးသည့်အတွက် ထုတ်ဝေနိုင်ခြင်းမရှိသေးကြောင်း စီစဉ်ထုတ်ဝေသူ ရှမ်းတိုင်းရင်း သားများဒီမိုကရက်တစ်ပါတီ SNDP တ ဦးစောသန်းမြင့်က ပြောသည်။ (DVB 181011) Read More...
- ရခိုင်ပြည်နယ် အစိုးရ "ရခိုင်ပြည်နယ် ဂျာနယ်" အမည်ရှိသော ဂါဒဖြန့် သတင်းဂျာနယ် တစ်စောင်ကို အောက်တိုဘာလအတွင်း စတင်ထုတ်ဝေ ဖြန့်ချိလိုက်ပြီဖြစ်ကြောင်း ဂျာနယ်ကို ဖတ်ရှုခဲ့သူ စစ်တွေဒေသခံတစ်ဦးက ပြောသည်။ (Narinjara 201011) Read More...

## တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် တောအုပ်ရွာတွင် ကရင်ပူးပေါင်းတပ်ဖွဲ့နှင့် အစိုးရ ခမရ ၂၀၃၊ ၂၀၄ တပ်တို့အကြား အောက်တိုဘာ ၁၅ ရက်နေ့ နံနက်ပိုင်းခန့်တွင် တိုက်ပွဲဖြစ်ပွားခဲ့ရာ အစိုးရတပ်မှ တစ်ဦးကျဆုံးခဲ့သည်ဟု DKBA ဗိုလ်ကြီးတစ်ဦးက ပြောသည်။ (DVB 171011) Read More...
- ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်ရှိ ဂါးရာယန်ဒဘတ်ချောင်းနှင့် ရွှေညောင်ပင်တဝိုက်တွင် အောက်တိုဘာ ၁၆ ရက်နေ့က အစိုးရတပ်များနှင့် ကချင်လွတ်မြောက်ရေးတပ်မတော် KIA တို့အကြား ၄ ရက်မြောက်နေ့အဖြစ် တိုက်ပွဲများဆက်လက်ဖြစ်ပွားရာ အစိုးရတပ်မှ ၂၀ နီးပါးခန့် ကျဆုံးပြီး ဆယ်ဂဏန်းနှင့်ချီ ဒဏ်ရာရရှိခဲ့ကြောင်း KIA ရှေ့တန်းစစ်ဖက်ရပ်ကွက်က ပြောသည်။ (BBC 171011) Read More...
- ကရင်ပြည်နယ် မြဝတီမြို့နယ် သေ့ဘောဘိုးဒေသရှိ လေးပေါ်(တောင်နီ)ရွာအနီးရှိ ခမရ(၂၀၃) တပ်ရင်းအား တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် (DKBA)မှ အောက်တိုဘာ (၁၈) ရက်နေ့က မိုင်းစစ်ဆင်ရေးဖြင့် တိုက်ခိုက်ခဲ့ရာ အစိုးရတပ်ဘက်မှ တပ်ကြပ်ကြီး ၁ ဦးကျဆုံးကာ ၅ ဦးဒဏ်ရာရရှိခဲ့ကြောင်း ကလို့ထူးဝါးဗျူဟာမှ ဗိုလ်ကြီးသရီးတူးက ပြောသည်။ (KIC 191011) Read More ...
- မြန်မာအစိုးရမှ စစ်လက်နက်ပစ္စည်းများ တင်ဆောင်လာသည့် သင်္ဘော (၂) စီးကို ကချင်လွတ်မြောက်ရေးတပ်မတော် KIA က အောက်တိုဘာ ၁၇ ရက်နေ့တွင် ပစ်ခတ်ဖျက်ဆီးခဲ့ကြောင်း KIA သတင်းရပ်ကွက်က ပြောသည်။ (KNG 191011) Read More...
- ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးစဉ် မြန်မာအစိုးရကိုယ်စားလှယ်များမှ ပေးကမ်းသော လက်ဆောင်ပစ္စည်းများအပေါ် အံ့သြ၍ မသုံးဝံ့ကြကြောင်း မိုင်းအရာရှိများနှင့် နီးစပ်သည့်အသိုင်းအဝိုင်းက ပြောသည်။ (S.H.A.N 1911011) Read More...
- ကချင်လွတ်မြောက်ရေးတပ်မတော် KIA တပ်ရင်း (၃) နှင့် ခလရ ၂၆၀ တို့အကြား အောက်တိုဘာ ၁၉ ရက်နေ့က တိုက်ပွဲဖြစ်ပွားခဲ့ရာ ခလရ ၂၆၀ ဘက်မှ အရာရှိ (၃) ဦးနှင့် တပ်သားညး ၂ ဦးကျဆုံးခဲ့ကြောင်း အစိုးရတပ်နှင့် နီးစပ်သူများက ပြောသည်။ (KNG 201011) Read More...
- ငြိမ်းချမ်းရေးနှင့် အပစ်အခတ်ရပ်စဲရေး ဆွေးနွေးရန် ရှမ်းပြည် ပြန်လည် တည်ဆောက်ရေး ကောင်စီ RCSS က ရှမ်းပြည်လူထုထံ အကြံဉာဏ် တောင်းခံလိုက်ကြောင်း SSA ပြောခွင့်ရပုဂ္ဂိုလ် ဗိုလ်မှူး စိုင်းလောဂ်ဆိုင်းက ပြောသည်။ (NMG 201011) Read More...
- ကချင်တစ်မျိုးသားလုံး လွတ်မြောက်ရေးကို ရှေးရှုပြီး မြန်မာအစိုးရ အသုံးတော်ခံ (သစ္စာခံ) ကချင်ပြည်သူ့စစ် အဖွဲ့များအားလုံး အမြန်ဆုံး ပြန်လှည့်လာရန် ကချင်လွတ်မြောက်ရေးအဖွဲ့ KIO က အောက်တိုဘာ ၂၀ ရက်နေ့က ကြေညာချက်ထုတ်ပြန် ဖိတ်ခေါ်လိုက်သည်။ (KNG 211011) Read More...
- ကရင်ပြည်နယ်၊ မြဝတီမြို့နယ် ဖေါ်လေဒေသတွင် တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် (DKBA) တပ်ဖွဲ့များ၏ ရှေ့ထွက်မိုင်းဖြင့် အောက်တိုဘာ ၂၁ ရက်နေ့က တိုက်ခိုက်မှုကြောင့် အစိုးရစစ်တပ် ၁၂ ဦးကျဆုံးကာ ၅ ဦး ဒဏ်ရာရရှိခဲ့သည်ဟု ဗိုလ်မှူးဆန်းအောင်က ပြောသည်။ (KIC 221011) Read More...

## အတိုက်အခံအင်အားစုများ (ပြည်ပ)

- မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်ကို ဂျပန်အစိုးရမှ ဖိတ်ကြားခဲ့သည့်ကိစ္စအပေါ် ဒီမိုကရေစီစနစ်မဆန်သည့်အတွက် ဂျပန်ရောက် မြန်မာ့ဒီမိုကရေစီအင်အားစု ၁၀၀ ကျော်က ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနရုံးရှေ့တွင် သွားရောက် ဆန္ဒပြကန့်ကွက်ခဲ့ကြသည်ဟု ဆန္ဒပြပွဲ ဦးဆောင်သူတစ်ဦးဖြစ်သည့် ဦးမြတ်သူက ပြောသည်။ (DVB 211011) Read More..., RFA...

## နိုင်ငံတကာ

### (က) ကုလသမဂ္ဂနှင့် နိုင်ငံတကာ အစိုးရအဖွဲ့အစည်းများ

- မြန်မာ့အရေး ဆောင်ရွက်နေသည့် ဥရောပ ပါလီမန်အမတ်များအဖွဲ့ EPCB အနေဖြင့် မြန်မာ သမ္မတ ဦးသိန်းစိန် အစိုးရ၏ နိုင်ငံရေး အကျဉ်းသား ၂၀၀ ခန့် လွှတ်ပေးခြင်းကို ကြိုဆိုလိုက်သော်လည်း ကျန်ရှိနေသေးသည့် နိုင်ငံရေးအကျဉ်းသား အားလုံးလွှတ်ပေးရန် နှင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေးလုပ်ဆောင်ရန်လိုအပ်ကြောင်း အောက်တိုဘာ ၁၆ ရက်နေ့က ကြေညာချက်ထုတ်ပြန်တောင်းဆိုလိုက်သည်။ (RFA 171011) Read More...

- မြန်မာနိုင်ငံတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ရှိလာသော်လည်း တိုင်းရင်းသားဒေသများတွင် စစ်တပ်မှ ကျူးလွန်ခဲ့မှုများ အပါအဝင် နိုင်ငံတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းဖော်ထုတ်ရန် မြန်မာနိုင်ငံအနေဖြင့် မလုပ်ဆောင်ပါက နိုင်ငံတကာ အနေဖြင့် ဆောင်ရွက်ရန် တာဝန်ရှိကြောင်း မြန်မာနိုင်ငံဆိုင်ရာ ကုသမဂ္ဂ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာသောမတ်စ် အိုဟေး ကွင်တားနားက UN အထွေထွေညီလာခံတွင် တိုက်တွန်းလိုက်သည်။ (VOA 191011) Read More...
- မြန်မာနိုင်ငံတွင် စစ်မှန်သည့် နိုင်ငံရေး တိုးတက်ပြောင်းလဲမှု မရှိမချင်း မြန်မာနိုင်ငံကို ၂၀၁၄ ခုနှစ်အတွက် အာဆီယံ ဥက္ကဌ တာဝန် ပေးသင့်၊ မသင့် ဆုံးဖြတ်ချက်ကို ရွှေ့ဆိုင်းထားရန် မြန်မာ့အရေး ဆောင်ရွက်နေသည့် အာဆီယံ လွှတ်တော်အမတ်များအဖွဲ့ AIPMC က လက်ရှိ ဥက္ကဌ အင်ဒိုနီးရှား အစိုးရကို တိုက်တွန်းတောင်းဆိုလိုက်သည်။ (RFA 191011) Read More...
- မြန်မာနိုင်ငံတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများ ရှိနေသည်ကို လက်ခံ၍ ကိုင်တွယ်ဖြေရှင်းပေးပါရန် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာသောမတ်စ် အိုဟေး ကွင်တားနားက သမ္မတ ဦးသိန်းစိန် အစိုးရထံ တောင်းဆိုလိုက်သည်။ (Irrawaddy 201011) Read More...
- မလေးရှား-မြန်မာ နှစ်နိုင်ငံ အထိန်းသိမ်းခံများ လဲလှယ်ရေး အစီအစဉ်ကို ရပ်ဆိုင်းထားရန် မြန်မာ့အရေးဆောင်ရွက်နေသည့် အာဆီယံ လွှတ်တော်အမတ်များအဖွဲ့ AIPMC က ကြေညာချက်ထုတ်ပြန် တောင်းဆိုလိုက်သည်။ (Mizzima 201011) Read More...
- ၂၀၁၁ ခုနှစ်မကုန်ခင် ကျင်းပရန် မျှော်လင့်နေသည့် ကြားဖြတ်ရွေးကောက်ပွဲ မတိုင်ခင် နိုင်ငံရေးအကျဉ်းသားအားလုံးကို ပြန်လည် လွှတ်ပေးရန်နှင့် ၎င်းတို့အား နိုင်ငံတကာတောင်းဆိုမှုများအတွက် အပေးအယူလုပ်ရန် ဓားစာခံများအဖြစ် မထားသင့်ကြောင်း ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ စုံစမ်းစစ်ဆေးရေးမှူး သောမတ် အိုဟေး ကွင်တားနားက အောက်တိုဘာ ၂၀ ရက်နေ့တွင် တောင်းဆိုလိုက်သည်။ (VOA 201011) Read More...

## (ခ) အစိုးရ

- မြန်မာအစိုးရသစ်၏ လွတ်ငြိမ်းချမ်းသာခွင့်နှင့် ပြန်လွှတ်ပေးသည့် အကျဉ်းသား ၆ ထောင်ကျော်ထဲတွင် နိုင်ငံရေးအကျဉ်းသား မဆိုစလောက်သာ ပါဝင်ခဲ့သည့်အပြင် အခြားသိသာထင်ရှားသည့် ပြုပြင်ပြောင်းလဲမှုများ မရှိသေးသည့်အတွက် မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူထားမှုများကို ဖြေလျှော့ပေးရန် အစီအစဉ်မရှိသေးကြောင်းနှင့် ပြန်လည်သုံးသပ်မှုမျိုးလည်း ပြုလုပ်မည်မဟုတ် ကြောင်း ဗြိတိသျှအစိုးရက ပြောဆိုလိုက်သည်။ (VOA 171011) Read More...
- မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်နေကြောင်း သမ္မတ ဦးသိန်းစိန် အစိုးရက နိုင်ငံတကာကို ပြောဆိုနေသော်လည်း စစ်မှန်သည့် အပြောင်းအလဲများအပေါ် မေးခွန်းထုတ်စရာများဖြစ်နေကြောင်း အမေရိကန် အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူး ကိုယ်စားလှယ် ဒဲရက်ခ် မစ်ချယ်လ်က အမေရိကန် နိုင်ငံခြားရေးဌာနတွင် အောက်တိုဘာ ၁၆ ရက်နေ့က ပြုလုပ်သည့် သတင်းစာ ရှင်းလင်းပွဲတွင် ပြောဆိုလိုက်သည်။ (RFA 171011) Read More..., VOA...
- မလေးရှားနှင့် မြန်မာ နှစ်နိုင်ငံအနေဖြင့် ဖမ်းဆီးထိန်းသိမ်းထားသူများကို အပြန်အလှန် လဲလှယ်ရန် ရှိသည်ဟု မလေးရှား ပြည်ထဲရေး ဝန်ကြီးက မြန်မာနိုင်ငံခြားရေး ဒု-ဝန်ကြီး ဦးမောင်မြင့်နှင့် တွေ့ဆုံအပြီး အောက်တိုဘာ ၁၇ ရက်နေ့တွင် ပြောကြား လိုက်သည်။ (RFA 171011) Read More...
- မြန်မာနှင့် မလေးရှားနိုင်ငံတို့ အထိန်းသိမ်းခံများ လဲလှယ်ရေး အစီအစဉ်တွင် နိုင်ငံရေးကြောင့် ထွက်ပြေးတိမ်းရှောင်လာခဲ့သော ဒုက္ခသည်များမပါဝင်ကြောင်း မလေးရှား ပြည်ထဲရေးဝန်ကြီး Datuk Seri Hishammuddin Hussein က အောက်တိုဘာ ၁၈ ရက်နေ့က ပြောကြားလိုက်သည်။ (Mizzima 191011) Read More...
- မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် Tomas Ojea Quintana ၏ အစီရင်ခံစာတွင် သမ္မတ ဦးသိန်းစိန်က တရုတ်နှင့် ဖက်စပ်လုပ်ကိုင်နေသည့် မြစ်ဆုံဆည် စီမံကိန်းရပ်ဆိုင်းထားလိုက်ခြင်းသည် ပြည်သူအများဆန္ဒကို နားထောင်ခြင်း ဖြစ်ကြောင်း ဖော်ပြခဲ့သည့်အပေါ် တရုတ်ကိုယ်စားလှယ်က ကန့်ကွက်ပြောဆိုခဲ့သည်။ (RFA 191011) Read More...
- နိုင်ငံရေးအကျဉ်းသားအားလုံးကို တိကျသည့် အချိန်ကာလ သတ်မှတ်ပြီး လွှတ်ပေးရေး၊ အမျိုးသား ဒီမိုကရေစီ NLD အဖွဲ့ချုပ်ကို တရားဝင် နိုင်ငံရေးပါတီအဖြစ် ရပ်တည်ခွင့်ပေးရေးစသည့်အချက်များ အကြံပြုခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ်၏ သုံးသပ်ချက်အပေါ် အပြည့်အဝ သဘောတူ ထောက်ခံကြောင်း ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဌာနက အောက်တိုဘာ ၁၉ ရက်နေ့က ကြေညာချက်ထုတ်ပြန်လိုက်သည်။ (RFA 201011) Read More...
- တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်က မြန်မာနိုင်ငံ ဒု-သမ္မတ သီဟာသူရ ဦးတင်အောင်မြင့်ဦးကို "နှစ်နိုင်ငံ စီးပွားရေးအရ ဆက်ဆံရေး ချောမွေ့တိုးတက်စေရေးအတွက် တရုတ်-မြန်မာ နှစ်ဘက်ခေါင်းဆောင်များ သဘောတူထားသည့် စီမံကိန်းများကို ကတိအတိုင်း

အမှန်တကယ် အကောင်အထည်ဖော်ရမည်” ဟု ပြောဆိုလိုက်ကြောင်း တရုတ်ပြည်သူ့နေ့စဉ်သတင်းက ဖော်ပြလိုက်သည်။ (DVB 211011) Read More..., RFA...

- ဂျပန်အစိုးရအနေဖြင့် မြန်မာနိုင်ငံအတွင်း နိုင်ငံရေးအပြောင်းအလဲများကို စောင့်ကြည့်နေကာ အပြောင်းအလဲများအတွက် ထောက်ခံကူညီမှုများလုပ်သွားမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဂမ်ဘာ (Gamba) က မြန်မာနိုင်ငံခြားရေး ဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် အောက်တိုဘာ ၂၀ ရက်နေ့က တွေ့ဆုံစဉ် ပြောကြားလိုက်သည်။ (VOA 211011) Read More...
- မြစ်ဆုံရေကာတာ စီမံကိန်း ရပ်ဆိုင်းခဲ့မှုနှင့်ပတ်သက်၍ တရုတ်ကုမ္ပဏီဘက်က ဥပဒေကြောင်းအရ ဖြေရှင်းရန်ဖြစ်လာခဲ့ကြောင်း နှင့် ယင်းပြဿနာကို နှစ်နိုင်ငံအပြန်အလှန် လေးစားမှုနှင့် အကျိုးစီးပွားများကိုထောက်ပြီး ဖြေရှင်းသွားရန် နှစ်နိုင်ငံစလုံးတွင် ဆန္ဒရှိကြောင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး Mr. Li Junhua က ပြောကြားလိုက်သည်။ (RFA 221011) Read More...

## (ဂ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ

- ဟာသပညာရှင်လည်းဖြစ် ကဗျာဆရာလည်းဖြစ်သူ “ဇာဂနာအပေါ် ချုပ်ချယ်မှုများသည် လူ့အခွင့်အရေး ပုဒ်မ ၁၉ ပါ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ချိုးဖောက်ခြင်းဖြစ်၍ တားမြစ်မှုများအားလုံး အစိုးရမှ ရုပ်သိမ်းပေးရန် နိုင်ငံတကာရှိ စာပေနှင့် သတင်းသမားများ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အတွက် လှုပ်ရှားသည့် လန်ဒန်အခြေစိုက် PEN International က အောက်တိုဘာ ၁၂ ရက်နေ့က တောင်းဆိုလိုက်သည်။ (Mizzima 171011) Read More...
- ကြံ့ဖွံ့အစိုးရမှ မကြာသေးခင်က လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည့် အကျဉ်းသား ၆ ထောင်ကျော်ထဲတွင် ကိုမင်းကိုနိုင် အပါအဝင် ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင်များ ပါလာကြလိမ့်မယ်ဟု မျှော်လင့်ခဲ့ကြသော်လည်း ၎င်းတို့မလွတ်လာသည့်အပေါ် လွန်စွာ စိတ်ပျက်မိကြောင်း အမေရိကန်အခြေစိုက် လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ HRW မှ အာရှရေးရာ လက်ထောက် ညွှန်ကြားရေးမှူး အီလိန်း ပီယာဆန် (Elaine Pearson) က ပြောဆိုလိုက်သည်။ (VOA 171011) Read More...
- မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားအားလုံး အမြန်ဆုံးလွတ်မြောက်ရေး၊ တိုင်းရင်းသားနယ်မြေများအတွင်း ထိုးစစ်များ ရပ်ဆိုင်းရေးနှင့် လူ့အခွင့်အရေး ချိုးဖေါက်မှုများ အဆုံးသတ်ရေးအတွက် ကမ္ဘာ့ ခရစ်ယာန်များ သွေးစည်းညီညွတ်ရေးအဖွဲ့ CSW က ကြေညာချက်ထုတ်ပြန် တောင်းဆိုလိုက်သည်။ (RFA 171011) Read More...
- ကချင်ပြည်နယ်အတွင်း အစိုးရစစ်တပ်က လွန်ခဲ့သည့် ဇွန်လမှစတင်ကာ ကချင်လွတ်မြောက်ရေးတပ်မတော် KIA တပ်ဖွဲ့အား ထိုးစစ်ဆင်တိုက်ခိုက်ရာတွင် အရပ်သားများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများ ဆိုးဆိုးဝါးဝါး ကျူးလွန်ခဲ့ကာ အထူးသဖြင့် အမျိုးသမီးနှင့်ကလေးငယ်များကို ပစ်ခတ်သတ်ဖြတ်ခဲ့သည့်ကိစ္စနှင့်ပတ်သက်၍ နယူးယောက်အခြေစိုက် HRW လူ့အခွင့်အရေး စောင့်ကြပ်မှုအဖွဲ့က မြန်မာအစိုးရကို ပြစ်တင်ဝေဖန်လိုက်သည်။ (VOA 181011) Read More..., BBC..., KNG...
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ဂါရှင်တန်ဒီစီအခြေစိုက် Oxi Day အဖွဲ့ကြီးက မြန်မာ့ဒီမိုကရေစီရရှိရေး နှင့် လွတ်လပ်မှုအတွက် သတ္တိရှင် အမျိုးသမီးတဦးအနေဖြင့် ပထမဦးဆုံး Oxi Day Crete တိုက်ပွဲဆုကို ချီးမြှင့်လိုက်သည်ဟု Oxi Day အဖွဲ့ ဥက္ကဋ္ဌ အဲန်ဒရူး၊ မွန်နားတို့စ်က ပြောကြားလိုက်သည်။ (VOA 181011) Read More..., RFA...
- မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိ ချက်ချင်းပြန်လွှတ်ပေးရန်နှင့် ပြည်သူများကို ဖိနှိပ်သည့် ဥပဒေများကို ပယ်ဖျက်ရန်အတွက် ဂျပန်အစိုးရအနေဖြင့် မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်၏ ကုန်သွယ်ရေးကိစ္စနှင့် ဂျပန်နိုင်ငံခရီးစဉ်အတွင်း တိုက်တွန်းရန် ဂျပန်နိုင်ငံအခြေစိုက် လူ့အခွင့်အရေး စောင့်ကြည့်မှုအဖွဲ့ HRW ၏ ညွှန်ကြားရေးမှူး Kanae Doi က ပြောကြားလိုက်သည်။ (VOA 201011) Read More...
- မလေးရှားနိုင်ငံ လူဝင်မှု အကျဉ်းစခန်းများတွင် ဖမ်းဆီးထိန်းသိမ်းခံထားရသည့် မြန်မာနိုင်ငံသားများကို မိခင်နိုင်ငံ ပြန်ပို့မည်ဆိုလျှင် ၎င်းတို့၏ဘဝများအတွက် စိုးရိမ်စရာရှိကြောင်း မလေးရှားအခြေစိုက် ထိပ်တန်းလူ့အခွင့်အရေးအဖွဲ့တစ်ခုဖြစ်သည့် ဆွာရမ်က အောက်တိုဘာ ၁၉ ရက်နေ့တွင် ပြစ်တင်ဝေဖန်လိုက်သည်။ (RFA 191011) Read More...

---

***End of report/ Saturday, October 22, 2011***

**ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။**

***Documentation and Research Department (NDD)***

---